# နဂမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲ

# စက်တင်ဘာလ (၈)ရက်၊ မြင်းခြံမြို့

၁။ နဂမအကြိမ်မြောက် AEC အလုပ်ရုံဆွေးနွေးပွဲကို **"AEC Alert"** ခေါင်းစဉ်ဖြင့် မြင်းခြံမြို့အတွက် ပထမဆုံးအကြိမ်အဖြစ် မဏိကဠနာခန်းမ၌ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ (၈)ရက်နေ့တွင် ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲကို Parami Energy Group of Companies မှ အဓိကပံ့ပိုးကူညီပြီး PT & MM Event Ads Co., Ltd မှ စီစဉ်ကျင်းပခြင်းဖြစ်ပြီး စုစုပေါင်း ၂၂၉ ဦးတက်ရောက်ခဲ့ပါသည်။ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်း ဒေသကြီးအစိုးရအဖွဲ့၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်ဇံမှ တက်ရောက်အဖွင့်အမှာစကားပြောကြား ခဲ့သည်။

၂။ အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာခေါင်းစဉ်များနှင့် ဟောပြောဆွေးနွေးသူများ -

(၁) **AEC ၏ အခြေခံစည်းမျဉ်းများ" အကြောင်းသိကောင်းစရာ** - ဒေါ်တင်တင်ထွေး

(၂) **အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ၏ ဘဏ္ဍာငွေရှာဖွေရေး** - ဦးစံသိန်း

(၃) **သယ်ယူပို့ဆောင်ရေးကဏ္ဍ** - ဦးအောင်မြင့်

**AEC ၏ အခြေခံစည်းမျဉ်းများ" အကြောင်းသိကောင်းစရာ**

- နိုင်ငံတော်စီမံချိန်စီမံကိန်းများနှင့်အညီ ကုန်ပစ္စည်းများကို ထုတ်လုပ်နိုင်ရေးအတွက် စီမံချိန်စီမံကိန်း သတ်မှတ်ချက်များနှင့် ပတ်သက်၍ ပြည်သူလူထုအား အသိပညာဗဟုသုတများ ဝေမျှပေးရန်ရှိမရှိ။

**အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းများ၏ ဘဏ္ဍာငွေရှာဖွေရေး**

- SMEs များအတွက် သတ်မှတ်ထားသည့် ချေးငွေအတိုးနှုန်းထားကို အာဆီယံအခြားနိုင်ငံများရှိ စံနှုန်းနှင့်အညီ ဖြေလျော့ပေးရန် ရှိမရှိ။

**လူထုဗဟိုပြုအသံများ**

မြင်းခြံမြို့ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသော စီးပွားရေးလုပ်ငန်းရှင်များ လက်တွေ့ရင်ဆိုင်နေရသော အခက်အခဲများကို သိရှိနိုင်ရန်အတွက် စစ်တမ်းမေးခွန်းလွှာများ ဖြေဆိုစေခဲ့ရာ အောက်ပါအတိုင်း ဖော်ပြခဲ့ကြပါသည်။

| | | |
|---|---|---|
| ၁ | စက်မှုနည်းပညာတိုးတက်မှုအတွက် ရင်းနှီးမှုအားနည်းခြင်း | ၉၇% |
| ၂ | ကျွမ်းကျင်လုပ်သားမလုံလောက်ခြင်း | ၉၇% |
| ၃ | ခေတ်မီစက်မှုနည်းပညာ အသုံးပြုမှုအားနည်းခြင်း | ၉၇% |
| ၄ | စီးပွားရေးနှင့်ဆိုင်သော ဥပဒေများကို မသိခြင်း | ၉၄% |
| ၅ | လျှပ်စစ်ဓာတ်အားမလုံလောက်ခြင်း | ၉၄% |
| ၆ | သယ်ယူပို့ဆောင်စရိတ်ကြီးမြင့်ခြင်း | ၉၂% |
| ၇ | အိမ်ခြံမြေဈေးနှုန်းများ ကြီးမြင့်ခြင်း | ၈၉% |